

ယုံကြည်ခြင်းရှိခြင်း
Lesson 8 for May 23, 2026



“ယုံကြည်ခြင်း
သည် မျှော်လင့်
သောအရာတို့ကို
မျက်မှောက်ပြု
ခြင်းဖြစ်၏။ မ
မြင်သေးသော
အရာတို့ကို သိ
မှတ်စွဲလမ်းခြင်းအ
ကြောင်းဖြစ်၏”
(ဟေဗြဲ ၁၁း၁)


ဘုရားသခင်ကို သိကျွမ်းခြင်း၊ ကျမ်းစာလေ့လာခြင်းနှင့် ဆုတောင်းခြင်းတို့သည် ပြောင်းလဲစေနိုင်သော အရာဖြစ်ဖို့အတွက် သူတို့၌တူညီသော အချက်တစ်ခုရှိသည်။ ၎င်းသည် ယုံကြည်ခြင်းဖြစ်သည်။

ယုံကြည်ခြင်းမရှိဘဲ ဤအခြေခံသဘောတရားများသည် အသိပညာမျှသာ (သို့) အနှစ်သာရမဲ့သော ထုံးတမ်းစဉ်လာများ ဖြစ်သည်။

သို့သော် ယုံကြည်ခြင်းရှိလျှင် ဤအရာများသည် အလွန်တန်ဖိုးရှိပြီး အမြင့်ဆုံးသော ဝိညာဉ်ရေးအတွေ့အကြုံကိုရရှိစေပါသည် - “ ယုံကြည်သောသူဖြစ်လျှင် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်သည်ဟု မိန့်တော်မူ၏” (မာကု ၉း၂၃)







**ကွဲပြားခြားနားသောယုံကြည်ခြင်း**

- ယုံကြည်ခြင်းနှင့်နိမိတ်လက္ခဏာများ
- ယုံကြည်ခြင်းတိုင်းခြင်း
- ယုံကြည်ခြင်းနှင့်ခံစားချက်

**ယုံကြည်ခြင်းသည် အဘယ်နည်း**

- ယုံကြည်ခြင်း၏အဓိပ္ပါယ်နှင့်ဖွံ့ဖြိုးတိုးတက်မှု
- ယေရှု၏ယုံကြည်ခြင်း

# အမျိုးမျိုးသော ယုံကြည်ခြင်း

# ယုံကြည်ခြင်းနှင့်နိမိတ်လက္ခဏာများ







"သခင်ယေရှုက သင်တို့သည် အံ့ဖွယ်ရာနိမိတ်လက္ခဏာများကို မတွေ့မမြင်ရလျှင် ယုံကြည်ကြမည်မဟုတ်ဟု မိန့်တော်မူ၏" (ယောဟန် ၄း၄၈)

နိမိတ်လက္ခဏာ (သို့) သရုပ်ပြမှုတို့သည် မှတ်သွင်းသောသတင်းစကားကို အတည်ပြုရန် (သို့) ဘုရားသခင့်အခွင့်အာဏာကို ပံ့ပိုးပေးရန်ဖြစ်သည်။ ကာနမြို့ မင်္ဂလာဆောင်ပွဲကဲ့သို့သောအံ့ဖွယ်ဖြစ် ရပ်ကို ယေဘုယျအားဖြင့် နိမိတ်လက္ခဏာအဖြစ် နားလည်ကြသော်လည်း (ယော ၂း၁၁) ဣသရေလလူမျိုးများ ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ရန် သိနာတောင်ရှေ့တွင် စခန်းချခြင်းကိုလည်း နိမိတ်လက္ခဏာအဖြစ်ပေးခဲ့သည် (ထွက် ၃း၁၂)။

ဖာရိရှဲတို့သည် ယေရှုအား ယုံကြည်စေရန် အတွက် ကိုယ်တော်သည် မေရှိယဖြစ်ကြောင်း သက်သေပြနိုင်သည့် မည်သည့်နိမိတ်လက္ခဏာကိုမဆို ပြရန် တောင်းဆိုခဲ့ကြသည် (မာ ၈:၁၁) သူတို့၏မယုံကြည်မှုကို ရှင်းထုတ်ရန် နိမိတ်လက္ခဏာတောင်းသည့်အခါ ယေရှု စိတ်အနှောင့်အယှက်ဖြစ်ခဲ့သည် (မာ ၈း၁၂)။ မယုံကြည်ချင်သောသူကို ဘယ်နိမိတ်လက္ခဏာကမှ ယုံကြည်အောင်မပြုနိုင်ပါ။



ယုံကြည်လိုသူတိုင်းအတွက် သမ္မာကျမ်းစာနှင့်သဘာဝတရား၌ လုံလောက်သောသက်သေအထောက်အထား ပေးသနားထားသည်။ သို့သော် သံသယအတွက် နေရာအမြဲရှိသည်။ ထို့ ကြောင့် ယေရှုက "မမြင်ဘဲယုံကြည်သောသူတို့" အား အထူးကောင်းကြီးပေးတော်မူ၏ (ယော ၂၀:၂၉)

# ယုံကြည်ခြင်းတိုင်းတာခြင်း



“သခင်ဘုရားက၊ သင်တို့သည် မုန်ညင်းစေ့ခန့်မျှလောက်သော ယုံကြည်ခြင်းရှိလျှင် ထိုသဖန်းပင်ကို၊ အချင်းအပင်၊ သင်သည် အမြစ်နှင့်တကွနုတ်၍ ပင်လယ်၌ စိုက်လျက်နေလော့ဟု ဆိုကြသော် သင်တို့စကားကို နားထောင်လိမ့်မည်” (လုကာ ၁၇:၆)

## ယုံကြည်ခြင်းတိုင်းတာမှုအမျိုးမျိုးရှိသည်

### တမန်တော် တို့၏ယုံကြည်ခြင်း




အဘယ်ကြောင့် ယုံ ကြည်စိတ်ကင်းနေသနည်း (မာကု ၄:၄၀)

### ပေတရု၏ယုံကြည်ခြင်း



“ယုံကြည်ခြင်းအားနည်းသူတို့” (မာ ၁၄:၃၁)

### ဖခင်၏ယုံကြည်ခြင်း



“မယုံကြည်မှုကို မစတော်မူပါ” (မာ ၉:၂၄)

### ခါနန်အမျိုးသမီး၏ယုံကြည်ခြင်း



“သင်၏ယုံကြည်ခြင်းကြီးမားလှ၏” (မဿ ၁၅:၂၈)

### ရောမစစ်ဗိုလ်၏ယုံကြည်ခြင်း



“ဤမျှလောက် ယုံကြည်ခြင်းကို ဣသရေလလူမျိုး၌မတွေ့” (လု ၇:၉)

### သတေဖန်၏ယုံကြည်ခြင်း



“ယုံကြည်ခြင်းနှင့်ပြည့်စုံသူ” (တမန် ၆:၅)

မယုံကြည်မှုကိုဖယ်ရှားလျှင် ယုံကြည်ခြင်းကြီးထွားနိုင်ကြောင်းထင်ရှားသည်။ သံသယကိုယုံကြည်ခြင်းဖြင့် အစားထိုးရမည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုတိုးပွားစေတော်မူပါဟုတောင်းရမည် (လု၁၇:၅)

သန့်ရှင်းသောဝိညာဉ်၏လုပ်ဆောင်မှုဖြင့်၊ ကျမ်းစာလေ့လာခြင်းဖြင့်၊ ဘုရားသခင်နှင့်အတွေ့အကြုံအားဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်း တိုးပွားနိုင်သည် (၂ တိမောသေ ၁:၃)





# ယုံကြည်ခြင်းနှင့် ခံစားချက်များ

“ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာ ဖြစ်သတည်း” (ဧဖက် ၂း၈)





ယုံကြည်ခြင်းသည် ခံစားချက်လား (သို့) ဆင်ခြင်တုံတရားလုပ်ရပ်လား။

ဤမေးခွန်းအရေးကြီးသည်။ ကယ်တင်ခြင်းခံရပြီဟု ခံစားရသည် နှင့် ကယ်တင်ခြင်းခံရပြီးဟု ကျွန်ုပ်သိသည်၊ တို့သည် မတူညီပါ။

အစမှစတင်ရအောင်။ ယုံကြည်ခြင်း၏မူလအစကဘာလဲ။ ယုံကြည်ခြင်းသည် ဘုရားသခင်ထံမှလာပြီး၊ လက်ဆောင်အဖြစ် ပေးသနားသည် (ရောမ ၁၂း၃၊ ဧဖက် ၂း၈)။

ထိုဆုကျေးဇူးကို အပြုသဘောနှင့်တုံ့ပြန်သောအခါ၊ ယုံကြည်ခြင်းသည် စတင်လှုပ်ရှားလာသည့်အခါ၊ ထိုယုံကြည်ခြင်းသည် ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ ဝိညာဉ်ရေးအသက်ရှူပေါက်ကဲ့သို့သော ခံစားချက်များကိုဖြစ်ပေါ်စေသည်။




သို့သော် ယုံကြည်ခြင်းဆိုသည်မှာ ခံစားချက်မဟုတ်ပါ။ ၎င်း သည် သေချာမှုနှင့်ခံယူချက်ဖြစ်သည် (ဟေ ၁၁း၁)။ ၎င်းသည် ကျွန်ုပ်တို့၏စိတ်ခံစားချက်ပေါ်မှာ အခြေမခံပါ။ အားနည်းသည် ဟု ခံစားသည့်အချိန်၊ ကယ်တင်ခြင်းနှင့်ဝေးနေသည်ဟု ခံစား သည့်အချိန်သည် ယုံကြည်ခြင်း အားထုတ်ရမည့်အချိန်ဖြစ်သည်။

# ယုံကြည်ခြင်းသည် အဘယ်နည်း

# ယုံကြည်ခြင်း၏အဓိပ္ပါယ်နှင့်ဖွံ့ဖြိုးတိုးတက်မှု





"ယုံကြည်ခြင်းသည် မျှော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်ရသေးသောအရာတို့၏ သက်သေဖြစ်၏။" (ဟေဗြဲ ၁၁:၁)



ဟေဗြဲ ၁၁း၁၊ ၃ က ယုံကြည်ခြင်း၏အနက်ကိုကျယ်ကျယ်ပြန့်ပြန့်ဖွင့်ဆိုထားသည်။ ယုံကြည်ခြင်းသည် ဘုရားသခင်အပေါ် ကျွန်ုပ်တို့၏အယူအဆများစွာသက်ဆိုင်သည်။ ၎င်းသည် ဘုရားသခင်အား ဖန်ဆင်းရှင်၊ ဆုချပေးသူအဖြစ်လက်ခံရန် ကျွန်ုပ်တို့ကို ပို့ဆောင်ပေးသည်။

ကျန်အခန်းများတွင်၊ ဆုလာဘ်ကိုစောင့်မျှော်နေစဉ် စိတ်ဓါတ်မကျအောင် စံနမူနာနှင့်အားပေးမှုအဖြစ် အမျိုးသား၊ အမျိုးသမီးများစွာတို့၏ယုံကြည်ခြင်းအကြောင်းကို အသေးစိတ်ဖော်ပြထားသည်။

ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည့်အတိုင်း ကျွန်ုပ်တို့အားလုံးတွင် ယုံကြည်ခြင်းအဆင့်တူညီခြင်းမရှိပါ။ ကျွန်ုပ်တွင်ရှိသော မည်သည့်ယုံကြည်ခြင်းကိုမဆို အနည်းငယ်ဖြစ်စေ၊ များပြားစေကာမူ မည်သို့တည်ဆောက်နိုင်မည်နည်း။



မည်မျှပင်သေးငယ်ပါစေ၊ ယုံကြည်ခြင်းကို ပျိုးထောင်ပါ (မ ၁၇း၂၀)



သမ္မာကျမ်းစာကိုလေ့လာပါ (ရော ၁၀း၁၇)



ကြီးထွားအောင်ဘုရားကိုဆုတောင်းပါ (လု ၁၇း၅)



သံသယစိတ်မဝင်စေပါနှင့် (မ ၉း၂၃-၂၄)



သူတစ်ပါးယုံကြည်ခြင်းကိုအခြေမပြုပါနှင့် (မ ၂၅း၈)



သန့်ရှင်းသောဝိညာဉ်တော်တုံ့ပြန်ခြင်း (ဂလာ ၅း၂၂)



ယုံကြည်ခြင်းကိုမှန်မှန်ကျင့်သုံးရန် (၂ ကော ၅း၇)

# ခရစ်တော်၏ယုံကြည်ခြင်း



ဘုရားသခင်၏ ပညတ်တို့ကိုလည်းကောင်း၊ ယေရှု၏ ယုံကြည်ခြင်းကိုလည်းကောင်း၊ စောင့်ရှောက်သော သန့်ရှင်းသူတို့သည် ဤအရာ၌ သည်းခံစရာအကြောင်းရှိ၏” (ဗျာဒိတ် ၁၄း၁၂)

ယေရှုကြွလာခါနီးတွင် သစ္စာရှိရှိအသက်ရှင်သော ကျွန်ုပ်တို့ကို ထူးခြားစေသော အရာနှစ်ခုရှိသည်။ ၎င်းတို့ကို ကျွန်ုပ်တို့ စောင့်ရှောက်ရမည်။ ၎င်းတို့သည် ပညတ်တော်များနှင့်ယေရှု၏ယုံကြည်ခြင်းဖြစ်သည် (ဗျာ ၁၄း၁၂)။

ပညတ်တရား (ပညတ်တော်များ) နှင့် ဧဝံဂေလိတရား (ယုံကြည်ခြင်း) တို့သည် ဆက်စပ်နေပါသည်။ ယုံကြည်ခြင်းမရှိပါက နာခံ၍ရပ်။ သို့သော် “ယေရှု၏ယုံကြည်ခြင်း” ဆိုသည်မှာ အဘယ်အရာကို ဆိုလိုသနည်း။

- ယေရှုနှင့်သူ၏နှုတ်ကပတ်တော်ကို နားထောင်ပါ။
- နေ့စဉ်ယေရှုနှင့်ထိတွေ့ခြင်း
- ယေရှုကိုအသက်တာ၏အဓိကနေရာတွင်ထားခြင်း
- ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်အညီနေထိုင်ခြင်း
- ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ယေရှုအပေါ်အခြေခံရန်
- အသက်တာတွင် ယေရှုကိုထင်ဟပ်စေရန်
- ယေရှု၏ကျေးဇူးတော်ဆုကျေးဇူးကိုလက်ခံပါ



ယေရှုကို ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းသို့ရောက်သည် (ရော ၅:၁)၊ သန့်ရှင်းခြင်းသို့ရောက်သည် (တ ၂၆:၁၈)၊ ဘုရားသခင်၏ သားသမီးများဖြစ်လာသည် (ယော ၁:၁၂)။

ထို့နောက် သင့်အား မှန်ကန်သောလမ်းကြောင်းပေါ်သို့ တစ်ဆင့်ပြီးတစ်ဆင့်ပို့ဆောင်ပေးမည့် သခင်ယေရှုကို ယုံကြည်ပါ။ သင်တက်လှမ်းသည့်ခြေလှမ်းတိုင်းတွင် စိတ်ချမှုနှင့်ခွန်အားကို ရရှိနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် သင်သည်ဘုရားသခင်၏လက်တော်၌ ရှိနေကြောင်းစိတ်ချရသည်။ သင်သည် မပင်မပန်းဘဲ ပြေးနိုင်သည်၊ မပင်ပန်းဘဲလျှောက်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် သင်၏ လက်သည်ခရစ်တော်၏လက်ထဲ၌ရှိနေသည်ကို ယုံကြည်ခြင်းအားဖြင့် နားလည်နိုင်သည်။ သင်သည် စိတ်ဓာတ်ကျခြင်းအောက်တွင် နစ်မြုပ်မည်မဟုတ်ပါ၊ အဘယ်ကြောင့်ဆိုသော် သင်သည် ထာဝရဘုရားကို ယုံကြည်ကိုးစား၍ ကိုယ်တော်ကို သိကျွမ်းသည်။ ကိုယ်တော်အား အပြည့်အဝယုံကြည်ကိုးစားသူများကို ဘယ်တော့မှ မစွန့်ပစ်သောအရှင်သည် သင်၏အစဉ်အမြဲကူညီမစသူဖြစ်ကြောင်း သင်စိတ်ချလိမ့်မည်။

EGW (Our Father Cares, October 27)